တိုင်းရင်းဆေး ဆေးရုံအုပ်ကြီးများနှင့် ဆေးရုံအုပ်များအတွက်
ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုသင်တန်း (၁/၂၀၁၉)
ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်
(အချက်အလက်များသိရှိရန် မိန့်ခွန်းကောက်နုတ်ချက် မူကြမ်း)

နေပြည်တော်။ (၁၁-၆-၂၀၁၉)

- တိုင်းရင်းဆေးရုံများ၏ ဘဏ္ဍာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ဆေးဝါးနှင့် ဆေးပစ္စည်း၊ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊ သတင်းအချက်အလက်၊ ဆေးရုံစွန့်ပစ်ပစ္စည်း စသည်တို့အား စီမံခန့်ခွဲမှု ပြုလုပ်လျက်ရှိသည့် တိုင်းရင်းဆေး ဆေးရုံအုပ်ကြီးများအတွက် အမှန်တကယ် လိုအပ်လျက်ရှိသည့် ယခုသင်တန်းကို ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊
- တိုင်းရင်းဆေးဦးစီးဌာနအနေဖြင့် ပြည်သူများအား အရည်အသွေးပြည့်ဝ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရန် တိုင်းရင်းဆေး ဆေးရုံအုပ်ကြီးများသည် အဓိကဖြစ်ပါကြောင်း၊ ဆေးရုံအုပ်ကြီးများအနေဖြင့် တိုင်းရင်းဆေးဆရာများ၊ အခြားဝန်ထမ်းများ လုပ်ငန်းခွင်တွင်အဆင် ပြေချောမွေ့စေရေး၊ လုပ်ငန်းခွင်၌ ပျော်ရွှင်စေရေးတို့ကို စနစ်တကျ စီမံခန့်ခွဲရန်အတွက် ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်များ ကောင်းမွန်မြင့်မားရေးသည် အရေးကြီးပါကြောင်း၊
- ဆေးရုံအုပ်ကြီးများအနေဖြင့် ဆေးရုံများ၏ လုပ်ငန်းကိစ္စရပ်များကို မိမိ၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ဝန်ထမ်းများကိုလည်း မိမိ၏ ဆွေမျိုးရင်းချာများသဖွယ် ရင်းနှီးချစ်ခင်စွာဖြင့် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်းပြောဆို ဆွေးနွေးကြစေလိုပါကြောင်း၊
- တိုင်းရင်းဆေးရုံလောကတစ်ခုလုံး တိုးတက်ရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရမှသာ တိုးတက်မည်ဖြစ်ပါကြောင်း၊

- တိုင်းရင်းဆေးရုံများတွင် ရောဂါအမျိုးအစားအလိုက် ဖြစ်ပွားမှု၊ ဆေးဝါးပစ္စည်းအမျိုးအစားအလိုက် အသုံးပြုသည့် စာရင်းဇယားသတင်းအချက်အလက်များကို စနစ်တကျ ဆောင်ရွက်ထားခြင်းများ တွေ့ရှိရပါကြောင်း၊
- တိုင်းရင်းဆေးစက်ရုံများအနေဖြင့် အဆိုပါ စာရင်းဇယားများအရ လိုအပ်သည့်ဆေးဝါးများကို ချိန်ညှိတွက်ဆ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊
- တိုင်းရင်းဆေးရုံများတွင် hospital information system ကို အသုံးပြုနိုင်ရန်အတွက် ပြန်လည်သုံးသပ် ဆောင်ရွက်စေလိုပါကြောင်း၊
- ဆေးရုံများမှ ပေးပို့လာသော စာရင်းဇယားများကို စိစစ်သုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း (analyze and evaluate) များပြုလုပ်ပြီး သုံးသပ်ချက်များကို ပြန်လည်ပေးပို့ခြင်း ပြုပြင်ဆောင်ရွက်စေခြင်း (Feedback) ဖြင့် အားနည်းချက်ရှိသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊
- တိုင်းရင်းဆေးရုံများနှင့် အနောက်တိုင်းဆေးရုံများအကြား ကွာခြားမှုရှိသော ဆေးရုံအဏ္ဍန်းကိန်းများနှင့် ပတ်သက်၍လည်း ဆွေးနွေးကြစေလိုပါကြောင်း၊
- တိုင်းရင်းဆေးရုံများ၏ ဥပဓိရုပ်သွင်ပြင်နှင့် ပတ်ဝန်းကျင်နှင့် လူနာဆောင်များ သန့်ရှင်းသပ်ရပ်စေရေးကို အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊
- လူနာများအား ဆေးရုံတက်နေစဉ်ကာလတွင်လည်း ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာများခေါ်ယူပြီး တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးနှင့် ပတ်သက်ပြီး အခြေခံဗဟုသုတများဖြစ်သော တိုင်းရင်းဆေးဝါးသုံးစွဲခြင်းအားဖြင့် ရရှိမည့် အကျိုးအာနိသင်ဖြစ်နိုင်သည့် အန္တရာယ်နှင့် ဆောင်ရန်၊ ရှောင်ရန်များကို အများပြည်သူ ပိုမိုသိရှိနိုင်စေရန် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စေလိုပါကြောင်း၊ တိုင်းရင်းဆေးဝါးများကို ပြည်သူများမှ

ပိုမိုယုံကြည်အားကိုး အားထားပြုစေရေးအတွက် လက်စွဲစာအုပ်ငယ်တစ်ခု ပြုစုဖြန့်ဝေပေးရန် လိုအပ်ပါကြောင်း၊

- တိုင်းရင်းဆေးရုံများတွင် hospital management indicator များ အသုံးပြုနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်စေလိုပါကြောင်း၊
- တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံကြီးများတွင် တိုင်းရင်းဆေးပညာဌာနများ ပူးတွဲဖွင့်လှစ်ကာ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊
- တိုင်းရင်းဆေးရုံများတွင် ကုသမှုဆိုင်ရာသုတေသနများ၊ clinical trial နှင့် အသုံးချသုတေသနများ တွဲဖက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- ယခုသင်တန်းတွင် အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းပုံစံဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပြီး သင်တန်းပြီးဆုံးသည့်အခါ သင်တန်းတက်ရောက်ခဲ့သူများအား အုပ်စုဖွဲ့ဆွေးနွေးခြင်း (focus group discussion) များ ပြုလုပ်၍ သင်တန်း၏ အားသာချက်၊ အားနည်းချက်များကို ဆန်းစစ်ဆွေးနွေးကြလိုပါကြောင်း၊
- ပထမအကြိမ်သင်တန်းမှ အားနည်းချက်များကို မွမ်းမံပြင်ဆင်၍ နောင်ဆက်လက် ဆောင်ရွက်မည့် သင်တန်းများ ယခုထက် ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊
- ဒုတိယအကြိမ်သင်တန်းတွင်လည်း ပထမအကြိမ် သင်တန်းတက်ရောက်ခဲ့သူများက သင်တန်းဆရာများနှင့်တွဲဖက်၍ သင်တန်းတွင် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်ခြင်းများကို ဆွေးနွေးစေမည်ဖြစ်ပါကြောင်း၊
- သင်တန်းများပြုလုပ်ပြီးသည့်အချိန်တွင် သင်တန်းမှ အားသာချက်၊ အားနည်းချက်များကို ပြုပြင်မွမ်းမံပြီး တိုင်းရင်းဆေး ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုပညာ စာအုပ်များထုတ်ဝေ၍ တိုင်းရင်းဆေး ဆေးရုံများအပါအဝင် တိုင်းရင်းဆေးတက္ကသိုလ်၌လည်း ထားရှိသင့်ပါကြောင်း၊

- တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်နိုင်ရန်ကိုလည်း စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။